**ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ် စက်တင်ဘာလ (၁၃) ရက်နေ့

## ဖားအံခရိုင်၊ ဖာပွန်ခရိုင်နှင့် ထိစပ်နယ်မြေဖြစ်သည့် မယ်သဝေါ ဒေသတွင် အစိုးရတပ်မတော်နှင့် နယ်ခြားစောင့်တပ်တို့၏ စစ်ရေးလှုပ်ရှားမှုအပေါ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဘောထား ထုတ်ပြန်ချက်

၁။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုအစိုးရ၊ တပ်မတော်အပါအဝင် ပြည်ထောင်စုအတွင်း၊ ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေး အကောင်အထည်ဖေါ် ဆောင်ရွက်နေပါသည်။

၂။ ထိုသို့ အကောင်အထည်ဖေါ် ဆောင်ရွက်နေစဉ်အတွင်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဖားအံခရိုင်၊ ဖာပွန်ခရိုင်နှင့် ထိစပ်နယ်မြေဖြစ်သည့် မယ်သဝေါ ဒေသတွင် အစိုးရတပ်မတော်နှင့် နယ်ခြားစောင့်တပ်တို့၏ စစ်ရေး လှုပ်ရှားမှုနှင့် တိုက်ပွဲများ ဖြစ်ပေါ်နေခြင်းကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် နိုင်ငံတော်အစိုးရတို့၏ ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်ကို ကရင်ပြည်သူလူထုများ၏ နားလည်မှု လွဲမှားမှုနှင့် ယုံကြည်မှုများကို ထိပါးလာနိုင်ပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ပြည်သူလူထုအား နားလည်မှုလွဲမှားစေပြီး၊ ပြည်သူလူထုတို့၏ အကျိုးနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ထိခိုက်စေနိုင်မည့် ပြဿနာများ ပေါ်ပေါက်လာမည်ကို လွန်စွာစိုးရိမ်မိပါသည်။

၃။ ယခု အချိန်အတွင်း အစိုးရတပ်မတော်နှင့် နယ်ခြားစောင့်တပ်များ၏ စစ်ရေးလှုပ်ရှားမှုများကြောင့် ကရင်ပြည်နယ်၊ မယ်သဝေါ ဒေသအတွင်းရှိ ပြည်သူလူထုများကို စိုးရိမ်ကြောင့်ကြမှု၊ အတိဒုက္ခ ရောက်စေမှုများ ဖြစ်စေပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုကိုလည်း ပျက်စီးစေရာ ရောက်ပါသည်။

၄။ သို့ဖြစ်ပါ၍ ကရင်ပြည်နယ်၊ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဖားအံခရိုင်၊ ဖာပွန်ခရိုင်နှင့် ထိစပ်နယ်မြေဖြစ်သည့် မယ်သဝေါဒေသတွင် အစိုးရတပ်မတော်နှင့် နယ်ခြားစောင့်တပ်များ၏ စစ်ရေး လှုပ်ရှားမှုအား ကန့်ကွက်ကြောင်းနှင့် ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများကို ရပ်တန့်ပေးရန် တောင်းဆိုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

For more information – 66-055 5456281, 66-0871958940